# စီမံချက်နောက်ဆုံးရ အခြေအနေ

အမှတ်စဉ် ၂ - ဇွန်လိုင် - အောက်တိုဘာ ၂၀၁၅

မြန်မာနိုင်ငံကလေးသူငယ်အလုပ်သမားပပျောက်ရေးအစီအစဉ် (My-PEC)

## တိုက်ရိုက်ကူညီမည့် ရှေ့ပြေးဒေသသတ်မှတ်ရန်အတွက် ပါဝင်ပတ်သက်သူများနှင့်အတူတွေ့ဆုံ

"ဤအရာသည် ပြောင်းလဲတိုးတက်လာသော ဖြစ်စဉ်တစ်ခု ဖြစ်သည်။ အခြားအဖွဲ့အစည်းများက ကျွန်တော်တို့ရဲ့ ဒေသ တွေကိုသွားပြီး ကျွန်တော်တို့ ဘာလိုအပ်သည်ကို တိုင်ပင်ဆွေးနွေးမှုမပြုဘဲ ၎င်းတို့ရဲ့ရှိရင်းစွဲမူဘောင် နှင့် စောင့်ကြည့်လေ့လာ အကဲဖြတ်သည့် အစီအစဉ်အတိုင်း အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ကြသည်။ ယခုကဲ့သို့ပူးပေါင်း ပါဝင်ဆွေးနွေးတိုင်ပင်အဖြေ ရှာကြတဲ့နည်းကအလွန်ကောင်းပါသည်" ဟု ကျောင်းထားမိခင်အဖွဲ့က ဆလိုင်းစီးလောဟာမှ My-PEC ၏ ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ပိုးလောင်းကျေးရွာအတွက်ကြားဝင်ကူညီပံ့အဆင့်ဆင့်ကိုသတ်မှတ်သည့်လုပ်ငန်းစဉ်တွင်ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၁၅-၁၆ရက်နေ့တွင်ကျင်းပခဲ့ပြီး အလားတူအလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကိုလည်း ရန်ကုန် တိုင်း၊ ဒဂုံ(မြို့သစ်)ဆိပ်ကမ်းမြို့နယ်၊ ၈၇ ရပ်ကွက်အတွက် အောက်တိုဘာလ ၁၂ - ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲနှစ်ခုလုံးတွင်ဒေသဆိုင်ရာပါဝင်ပတ်သက်သူများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အလုပ်သမားဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန( FGLLID) ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၊ အလုပ်သမားအဖွဲ့အစည်းများ၊ရပ်ကျေးအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ကလေးနှင့် မိဘများ စသည်တို့ပါဝင်ခဲ့ကြသည်။ အစီအစဉ်၏အပိုင်းတစ်ပိုင်းတစ်ခုအဖြစ် အထွေထွေအုပ်ချုပ်ရေးဌာန နှင့် မိဘ၊ ကလေးများ နှင့် ရပ်ရွာအဖွဲ့အစည်းများအား အုပ်စု လိုက်တွေ့ဆုံဆွေးနွေးခြင်း (FGD) ပြုလုပ်ထားသည့် အချက်အလက်များကို My-PEC မှတင်ပြပြီး ပါဝင်တက်ရောက်သူများမှ ပူးပေါင်းဆန်းစစ်ကြသည်။

ရှေ့ပြေးရပ်ရွာဒေသများအဖြစ် ပိုးလောင်းကျေးရွာနှင့် ၈၇ ရပ်ကွက်ကိုလည်း ရပ်ရွာဒေသမှ ဦးဆောင်ပူးပေါင်း ဆောင်ရွက်ခြင်းနည်းဖြင့် ရွေးချယ်ခဲ့ကြသည်။ ဤသို့လုပ်ဆောင်ရန် ၂၀၁၃ မြန်မာနိုင်ငံလူဦးရေနှင့် သန်းခေါင်စာရင်းအချက်အလက်များနှင့် မြို့နယ်အလိုက် ဒေသအလိုက် ကောက်ယူထားသော အိုင်အယ်လ်အို ပြည်တွင်း ရွှေ့ပြောင်းလေ့လာမှုမှ အဓိကအညွှန်းကိန်းများက ထောက်ပံ့ပေးခဲ့သည်။




စက်တင်ဘာလ ၂၈ရက်နေ့၊ ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်။ (၈၇) ရပ်ကွက်တွင် စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ် လက်ထောက်အရာရှိအိပေါမာမှမိခင်များနှင့်အုပ်စုလိုက်တွေ့ဆုံဆွေးနွေးခြင်းဖြင့်ပံ့ပိုးကူညီခဲ့သည်။




ရန်ကုန်တိုင်းဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၇) ရပ်ကွက်မှမိန်းကလေးငယ်တစ်ဦး။ ရပ်ကွက်သည် My-PEC ၏တိုက်ရိုက်ကူညီမှုပေးမည့် ရှေ့ပြေးဒေသ (၃)ခု ထဲမှတစ်ခုဖြစ်သည်။

## ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်း လုပ်ငန်းစဉ် စတင်ခဲ့သည်

ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်း (HWL) လုပ်ဆောင်ဖို့အတွက် ရန်ကုန်၊ ဩဂုတ်လ (၁၇)ရက်နေ့၊ the Myths စားသောက်ဆိုင်၌ပြုလုပ်သော (၉) ကြိမ်မြောက် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ (T W G - C L ) အစည်းအဝေးတွင် ဖော်ပြခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်ဦးဝင်းရှိန်မှ အဖွင့်အမှာစကားတွင် TWG-CL ၏အခန်းကဏ္ဍသည်အရေးကြီးကြောင်းနှင့် နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီမှုရှိရန်ကြိုးပမ်းဆောင်ရွက်ဖို့လိုအပ်ကြောင်းကို အလေးအနက်ပြောကြားခဲ့သည်။

FGLLID သည် အခြားအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ကာ ၂၀၁၅ ဖွန်လကတည်းက ဘေးအန္တရာယ် ရှိသောလုပ်ငန်းခွင်စာရင်းအတွက် အသုံးဝင်မည့်အချက်အလက်များကို ပံ့ပိုးပေးရန် ထိုအဖွဲ့အစည်းများကို အားပေးတိုက်တွန်းခဲ့သည်။ ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းအတွက် ထပ်ဆောင်းသတင်းအချက်အလက်များအား အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူများမှ ဝေမျှခဲ့ပြီးဖြစ်ပါသည်။

အောက်တိုဘာလ၉ရက်နေ့တွင် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းပြုစုရာတွင် ILO ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းလမ်းညွှန်ချက်နှင့်အညီသုံးပွင့်ဆိုင် ဖော်ထုတ်ရန်အတွက် T W G - C L၏ အသိပညာနှင့်

>>> စာမျက်နှာ ၂ တွင်ဆက်ရန်

## CSO အဖွဲ့ဝင်များသည် ကလေးသူငယ်အလုပ်သမားဆိုင်ရာ သင်ကြားပို့ချသူများ ဖြစ်လာသည်




"ရပ်ရွာလူထုအဖွဲ့အစည်းများအား ကလေးအလုပ်သမားဆိုင်ရာ ဆရာဖြစ်သင်တန်း" ကို စီမံချက် ထောက်ပံ့အရာရှိ ဦးစောဆာကပေါ်နှင့် စစ်တမ်းသုတေသနလက်ထောက် မနင်းဝတ်ရည်တို့မှ ၁-၅ရက် စက်တင်ဘာလတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ပြုလုပ်ခဲ့ပါသည်။ ထိုသင် တန်းကို ပြင်သစ်သံရုံးမှငွေကြေးအထောက်အပံ့နှင့် ILO ၏နည်းပညာထောက်ပံ့မှုဖြင့်

>>> စာမျက်နှာ ၂ တွင်ဆက်ရန်

## စီမံချက်ပဲ့ကိုင် ကော်မီတီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

စီမံချက်လုပ်ထုံးလုပ်နည်းများအား ပါဝင်စေရန်၊ထိရောက်မှုရှိရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန်နှင့် စီမံချက်လုပ်ငန်းများနှင့် ရလဒ်များသည်ရေရှည်တည်တံ့ပြီး နိုင်ငံအခြေအနေနှင့် သက်ဆိုင်မှုရှိသည်ကို သေချာစေရန်အတွက် နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်မှုထောက်ပံ့ရန် ဩဂုတ်လ ၂၆ ရက်နေ့တွင် စီမံချက်ပဲ့ကိုင်ကော်မီတီ (PSC) ကို တရားဝင် ဖွဲ့စည်းတည်ထောက်ခဲ့သည်။

PSC အဖွဲ့ဝင်များဖြစ်သည့် FGLLID၊ AFFM, CTUM, MICS, UMFCCIတို့မှ စီမံချက်နောက်ဆုံးအခြေအနေ၊ လုပ်ငန်းအကြောင်းအရာနှင့် အစီအစဉ်များကိုဆွေးနွေးရန်အတွက် ၃ လ တစ်ကြိမ်တွေ့ဆုံကြသည်။

>>> စာမျက်နှာ ၂ တွင်ဆက်ရန်

# စီမံချက်နောက်ဆုံးရအခြေအနေ

## လှိုင်သာယာစက်မှုဇုံတွင် ကလေးသူငယ်အလုပ်သမားဆိုင်ရာ မြန်ဆန်သောစစ်တမ်းကောက်ယူခြင်းမှ အဓိကတွေ့ရှိချက်များ

လှိုင်သာယာစက်မှုဇုံတွင် ကလေးသူငယ်အလုပ်သမားများ ရှိသည်။ တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ခဲ့သောကလေးတစ်ဝက် သည် မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသည့် အလုပ်လုပ်နိုင်သော အငယ်ဆုံးအသက်ဖြစ်သည့် ၁၃ နှစ်အောက်ငယ်သော ကလေးများ ဖြစ်သည်။ ထိုကလေးအများစုသည် အသက် အရွယ်အမျိုးအစားအလိုက်ဥပဒေမှ ပြဋ္ဌာန်းထားသည့် အများဆုံးအလုပ်လုပ်ချိန်ထက် ပိုမို၍အလုပ်လုပ်နေကြရသည်။

မှတ်ပုံတင်ထားသောလုပ်ငန်းကဏ္ဍများ အထူး သဖြင့် အထည်ချုပ်လုပ်ငန်းနှင့် စားသောက်ကုန် လုပ်ငန်းများတွင် ကလေးသူငယ်များအားခန့်ထား သည်ကို တွေ့ရပါသည်။

အလုပ်လုပ်သည့်ကလေးများသည် အလုပ်အားဆက်လက်ကိုင်ရန်အတွက် ကျောင်းထွက်လိုက်ကြရသည်။

ကလေးများအား စက်ချုပ်ခြင်းနှင့် ရေသန့်ပို့ခြင်းလုပ်ငန်းများ တွင်ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေသည်ကို တွေ့ရသည်။

မိသားစုများကိုထောက်ပံ့ရန် အလုပ်လုပ်ရမည် ဆိုသောအသိစိတ်သည် ကလေးအလုပ်သမားများ တွင်မြင့်မြင့်မားမားရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများတွင်လည်းရှိသည်။

ကလေးအသက်ငယ်လေလေ၊လုပ်ခလစာနည်း လေ လေဖြစ်ပြီးမှတ်ပုံတင်ထားခြင်းမရှိသောလုပ်ငန်းက ဏ္ဍတွင် အများဆုံးလုပ်ကိုင်နေကြရသည်။



မှတ်ပုံတင်ထားခြင်းမရှိသောလုပ်ငန်းကဏ္ဍတွင်အလုပ်လုပ် နေသော ကလေးများသည် ဖျားနာခြင်းနှင့် ထိခိုက်မှုများ အစရှိသည့်ကြီးမားသောစိန်ခေါ်မှုများနှင့်အတူဘေးအန္တရာယ် များဖြင့် ထိတွေ့နေရသည်။

ကလေးအလုပ်သမားဖြစ်ရသည့်အဓိကကြောင်းအရာမှာ ဆင်းရဲခြင်းအပြင် ကိုက်ညီသောဥပဒေပြဋ္ဌာန်းခြင်းမရှိမှု သည်လည်း အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်။

Icons made by Freepik from www.flaticon.com

စာမျက်နှာ ၁ အဆက်

### ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်း လုပ်ငန်းစဉ် စတင်ခဲ့သည်

စွမ်းဆောင်ရည်များ တိုးတက် လာစေရန် My-PEC ၏ နည်းပညာ အကြံပေး အရာရှိဖြစ်သည့် Mr. Selim Benaissa မှပံ့ပိုး ကူညီပေးသည့်အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ် ခဲ့ပါသည်။

ဘေးဥပါဒ်အန္တရာယ်ရှိသောလုပ်ငန်းခွင် စာရင်း သည် နိုင်ငံတွင်ကလေးသူငယ်အလုပ်သမား မူဝါဒအပေါ်အားပေးထောက်ခံခြင်းအတွက် လွန်စွာရေးကြီးပြီး ဖော်ပြထားသောအလုပ်များ သည်ကလေးများအတွက်ကိုက်ညီမှုမရှိသော် လည်းသတ်မှတ်ပြဋ္ဌာန်းချက်များသည်လူငယ် များအလုပ်ခန့်အပ်ခြင်းအတွက်သက်ရောက်မှုရှိ သည်ကို ထည့်သွင်းစဉ်းစားရ မည်ဟု Mr.Selim Benaissa မှ အလေး အနက်ပြောကြားခဲ့သည်။

TW-CL သည် ဘေးအန္တရာယ်ရှိသောလုပ်ငန်း ခွင်စာရင်းအတွက်အလုပ်ရုံဆွေးနွေးပွဲ တစ်လျှောက်တွင် လွန်စွာစိတ်ပါဝင်စားမှုရှိကြပါ သည်။ ILOမှ ဤအရာကို အသိအမှတ်ပြုခဲ့ပြီး ဩဂုတ်လ ၁၇ ရက်နေ့၌ ပီရာမာ(လ်)ပီချိုင်ဝန်း၊ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ(ယာယီ)ကသူမ၏ မိန့်ခွန်းတွင်"ပြီးခဲ့သည့်အလုပ်ရုံဆွေးနွေးပွဲများ နှင့်အစည်းအဝေးများတွင်ပူးပေါင်းပါဝင်မှု အဆင့်အားဖော်ပြခြင်းဖြင့် ပါဝင်ပတ်သက်သူများအကြားတွင် ကလေးအလုပ်သမားပြဿနာကို အသိအမှတ်ပြုပြီး နားလည်မှုတိုးတက်လာခြင်းအား ILO အနေဖြင့် သတိပြုမှတ် သားထားပါသည်။ ကျွန်ုပ်တို့၏အဓိကအလေးထားခြင်းသည် တည်ဆောက်ထားပြီးသောကတိကဝတ်များအား ယနေ့အထိ ခိုင်မြဲနေစေရန်နှင့် ပါတီစုံရွေးကောက်ပွဲအပြီးတွင်လည်း ဆက်လက်တိုးတက်လုပ်ဆောင်သွားရန်ဖြစ်ပါသည်။" ဟု ထည့်သွင်းပြောကြားသွားပါသည်။

### CSO အဖွဲ့ဝင်များသည် ကလေးအလုပ်သမားနှင့်ပတ်သက်၍ သင်တန်းဆရာများဖြစ်လာကြသည်။

မွန်အမျိုးသမီးအဖွဲ့အစည်း (MWO)မှ စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

ရေးမြို့နယ်၊ သံဖြူဇရပ်နှင့် မော်လမြိုင်မှMWO ကိုယ်စားလှယ် အဖွဲ့ဝင်(၁၄)ဦးမှ သင်တန်းတက်ရောက်ခဲ့ကြသည်။ ၎င်းတို့ သည်ကလေးသူငယ်အလုပ်သမားနှင့်သက်ဆိုင်သောပြဿနာ များတွင် ကူညီထောက်ပံ့မှုလုပ်ငန်းများအတွက် အတွေ့အကြုံ ရှိသူများဖြစ်သည်။

ထိုသင်တန်းတွင် ဆွေးနွေးခြင်း၊ အမှုကိစ္စလေ့လာခြင်းနှင့် ကလေး အလုပ်သမားဆိုင်ရာအဖွဲ့လိုက်လုပ်ငန်းစဉ်များ၊ အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အမျိုးသားဥပဒေများ၊ ကလေး အလုပ်သမားအခြေအနေ နှင့်အန္တရာယ်ရှိသော လုပ်ငန်းခွင် နှင့် ကလေးအလုပ်သမားတိုက်ဖျက်ရေးတွင် CBOs၊ NGOs နှင့် အခြားသော ရပ်ရွာဒေသ အဖွဲ့ဝင်များ၏ တာဝန်နှင့်အခန်းကဏ္ဍများ စသည်တို့ပါဝင်ပါသည်။

ဒေသခံ FGLLID ကိုယ်စားလှယ်များလည်း ပထမနေ့တွင်တက်ရောက်ပြီး မွန်ပြည်နယ်တွင် ရှိသောအမျိုးသားဥပဒေပြဋ္ဌာန်းချက်များ၊လူကုန် ကူးခြင်းနှင့်အလုပ်သမားစစ်ဆေးရေးအကြောင်း ဗဟုသုတကိုလည်းဝေမျှခဲ့သည်။

### စီမံချက်ပဲ့ကိုင်ကော်မီတီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ရှေ့ပြေးဒေသများဖြစ်သည့်မွန်ပြည်နယ်၊ရေးမြို့ ရန်ကုန်တိုင်း၊ဒဂုံ(မြို့သစ်)ဆိပ်ကမ်းမြို့၊ ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်တို့ကို ရွေးချယ် ရန်အတွက် စီမံချက်နည်းစနစ်အား PSC မှ ဩဂုတ်လ ၂၆ ရက်နေ့၊ ပထမဆုံးအစည်းအဝေး တွင် တရားဝင်အတည်ပြုပြီးဖြစ်သည်။

သတင်းဆောင်းပါး

# ကလေးတစ်ယောက်ကြီးပြင်းလာဖို့ စုပေါင်းကြိုးစားကြပါစို့

ဆောင်းပါးနှင့်ဓာတ်ပုံ၊ ဂျိုးဒီလင်းမီတြာ၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ရေးအရာရှိ



ရွှေ့ပြောင်းဒေသ၌ ဦးတည်အုပ်စုများနှင့်ဆွေးနွေးခြင်းများပြုလုပ်သောအခါ ကလေးအလုပ်သမားများပါဝင်ခဲ့သည်။

ကျော်ဝင်း (နာမည်အရင်းမဟုတ်ပါ)နဲ့စကားပြောရတာ လူကြီးတစ်ယောက်နဲ့ပြောရသလိုပါပဲ။ ကျွန်မတို့ရဲ့မေးခွန်းတွေအပေါ်သူ့ရဲ့တုန့်ပြန်မှုက သေချာတယ်ထင်ရတယ် သူ့ရဲ့မျက်နှာထား ကဝမ်းနည်းအားငယ်ပြီးအခြားပုံပြင်တစ်ခုကို ပြောနေသော်လည်းယုံကြည်ချက် အပြည့်နဲ့ပြောနေသည်ကိုတွေ့ရသည်။

သူ့အသက် ၁၅နှစ်ဆိုရင် ဒဿမတန်းမှာရှိနေလောက်ပြီ ဒါပေမဲ့အဲ့ဒါက ကိစ္စမရှိပါဘူး။ လွန်ခဲ့တဲ့ ၃နှစ်ကသူ့အဖေဆုံးသွားလို့ ၈တန်းနဲ့ကျောင်းနားလိုက်တယ်။ မောင်နှမ ၃ယောက်နဲ့ ဈေးရောင်းတဲ့မိခင်နဲ့အတူကျန်ခဲ့တယ်။ သူ့အစ်မအကြီးနှစ်ယောက်ကအိမ်ထောင်ကျသွားပြီး သူ့အကိုတစ်ယောက်က စက်ရုံမှာအလုပ်လုပ်နေပါတယ်။

အသက်၁၂နှစ်တုန်းကကျော်ဝင်းသည် သစ်စက်ရုံတွင် တစ်ရက်၃၀၀၀ကျပ်ဖြင့် စတင် အလုပ်လုပ်ခဲ့ သည်။ သူ၏အလုပ်ချိန်မှာလူကြီးတစ်ယောက်လုပ်ရသည့်အချိန်ကဲ့သို့ နံနက် ၈နာရီမှ ည ၅ နာရီထိ၊ တနင်္လာနေ့မှ စနေနေ့နံနက်အထိအလုပ်လုပ်ရသည်။ သို့သော် ကွာခြားချက်မှာ လက်ရှိဥပဒေအောက်တွင် သူ့အတွက်အကာအကွယ်မရပါ။ အလုပ်လုပ်ရန်အတွက် တရားဝင်အသက်အောက်တွင် သူစတင်အလုပ်လုပ်ခဲ့သည်။ သူ၏သစ်တုံးများအားမခြင်းအလုပ်သည်ဘေးဥပါဒ်အန္တရာယ်ရှိသောအလုပ်ဟု ထည့်သွင်းစဉ်းစားပေမဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်မာရေးအကျိုးခံစားခွင့် သူမှာမရှိပါ။ သူ့အလုပ်ရှင်ကအစိုးရနှင့်မှတ်ပုံတင်ထားခြင်းမရှိပါ၊ အလုပ်သမားစစ်ဆေးရေးအရာရှိလည်း မလာခဲ့ပါ။ ထိုအလုပ်သည်လည်းအန္တရာယ်ရှိသောအလုပ်စာရင်းအဖြစ် နိုင်ငံတွင် မပါဝင်သေးပါ။



(၈၇) ရပ်ကွက်တွင်းကွင်းဆင်းစဉ်ရေပုံးဆွဲနေသောကလေးငယ်အားတွေ့ရစဉ်၊ ဖခင်အလုပ်သွားသောအခါမိခင်၏အိမ်မှုကိစ္စများကို စောစောလျင်လျင်ကူညီနေသည်ကိုအချို့အိမ်ထောင်စုများတွင်တွေ့ရသည်။

ကျော်ဝင်းနေထိုင်တဲ့ ရပ်ကွက်(၈၇)က ကလေးတွေဟာအလွန်ပင်ငယ်ရွယ်ကြပြီး အလုပ်လုပ်မဲ့အစားကျောင်းတက်သင့်တယ်။ သူ့အတွက်ကတော့ မိဘတွေက ကလေးတွေကျောင်းတက်ဖို့ အားပေးရန်အဓိကတာဝန်ရှိတယ်။ "ကလေးတွေပညာတတ်ဖြစ်ရင်၊ အနာဂတ်မှာလှပမယ်လို့" ခံယူချက်နဲ့အတူဖြည့်စွက်ပြောကြားခဲ့သည်။ ဒါဟာသူ့ရဲ့ပြင်းပြသောရည်မှန်းချက်ထုတ်ဖော်ခြင်းရဲ့နည်းလမ်းတစ်ခုဖြစ်ခဲ့တယ်။

ရပ်ကွက်(၈၇)ကလေးများသည်ပညာရေးကိုတန်ဖိုးထားသည့်ကျော်ဝင်းနှင့်မတူပါ။ ကလေးတော်တော်များက ကျောင်းပြန်တက်ဖို့ရန်စိတ်မဝင်စားပါ။ အချို့က တစ်နေ့တွင်စက်ရုံနှင့်ပတ်သက်သောအလုပ်လုပ်ရန်နှင့် စက်မှုပိုင်းဆိုင်ရာပိုမိုကျွမ်းကျင်လာဖို့အတွက် သက်မွေးဝမ်းကျောင်းသင်တန်းတွင် စာရင်းပေးတက်ရောက်ရန်မျှော်လင့်ကြသည်။ အခြားသောသူများက အလုပ်ဆက်လက်လုပ်ကိုင်ခြင်းအားဖြင့် လက်ရှိဝင်ငွေကိုကျေနပ်ကြသည်။

World Vision မှကလေးသူငယ်များအား စောင့်ကြည့်လေ့လာသူ



မစန္ဒာလှိုင်၊ (၈၇) ရပ်ကွက်မှ ကလေးများကို စောင့်ကြည့်လေ့လာသူ

မစန္ဒာလှိုင်မှ " ဒီရပ်ရွာဒေသမှာ မကောင်းမှုဒုစရိုက်တွေက သောင်းကျန်းနေတယ်။ ကလေးအလုပ်သမားများလည်းပါဝင်ကြတယ်။ အဲ့ဒီလူတွေထဲက စာမတတ်တဲ့သူတွေအလွန်များတယ်။ အချို့ရပ်ရွာဒေသကလူတွေကလာပြီး ကလေးတွေကိုကျောင်းမတက်ပဲ အလုပ်လုပ်ဖို့အတွက် လွှမ်းမိုးပြောဆိုကြတယ်။" ဟုပြောကြားခဲ့ပါသည်။

ကြားဝင်ကူညီမှုပုံစံရေးဆွဲခြင်းအတွက် အလုပ်ရုံဆွေးနွေးပွဲတွင် ရပ်ရွာဒေသပါဝင်ပတ်သက်သူများမှ ထောက်ပြခဲ့သည်မှာ နောက်ဆက်တွဲပြဿနာများကို ပါဝင်ပတ်သက်သူများမှ ပြည့်စုံစွာလုပ်ဆောင်သင့်သည်။ ထိုပြဿနာများမှာ - အိမ်ထောင်စုဝင်များဆင်းရဲခြင်း၊ အရည်အသွေးပြည့်မီသောပညာရေးမရှိခြင်း၊ လူငယ်များတွက်လုံခြုံစိတ်ချရသောလုပ်ငန်းခွင်မရှိခြင်းနှင့် ကလေးအလုပ်သမားနှင့်ပတ်သက်ပြီး ရပ်ရွာဒေသအဖွဲ့ဝင်များ၏ အသိအမြင်နှင့် နားလည်မှုအတော်နည်းခြင်းတို့ ကြောင့်ဖြစ်သည်။

My-PEC မှငှင်း၏လည်းရွှေ့ပြောင်းအစီအစဉ်ဖြင့် ရပ်ကွက် (၈၇)ရှိ ကလေးသူငယ်အလုပ်သမားဖြစ်ခြင်းမှ ကလေးများကို ကာကွယ်ရန်နှင့် အလုပ်သမားဖြစ်ခြင်းမှ ဖယ်ရှားရန်အတွက်မျှော်လင့်ပါသည်။ ကျော်ဝင်းကဲ့သို့သောကလေးများကို ကူညီရန်အတွက် ကဏ္ဍပေါင်းစုံမှပါဝင်ပတ်သက်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ဆောင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်သည် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားလျှော့ ချရန်အတွက် ပြီးပြည့်စုံသော၊ ပါဝင်မှုနှင့် ကျွမ်းကျင်သော ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်သူများတုံ့ပြန်မှုဖြင့် အကောင်အထည်ဖော်ရန်အတွက် ရည်ရွယ်သော (၄)နှစ်စီမံချက်တစ်ခုဖြစ်ပါသည်။ အမေရိကန်နိုင်ငံအလုပ်သမား ဦးစီဌာနမှ ဤစီမံချက်အတွက် ရံပုံငွေထောက်ပံ့ပေးပါသည်။ ဤသတင်းလွှာတွင် ပါဝင်သောအချက်အလက်များမှာ စီမံချက်စတင်ကတည်းကစီမံချက်၏လှုပ်ရှားမှုအချို့နှင့် ရလဒ်များမှဖြန့်ဝေခြင်းသာဖြစ်ပါသည်။ အချက်အလက်များ ပိုမိုသိရှိလိုပါက Selim Benaissa, yangon@ilo.org (သို့) +၉၅ ၁ ၅၆၆၅၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒီ ILO စံမံချက်အားအမေရိကန်အလုပ်သမားဦးစီးဌာနမှ ငွေကြေးထောက်ပံ့ကူညီထားပါသည်။ ဤဆောင်းပါးသည် အမေရိကန် အလုပ်သမားဦးစီးဌာန၏ အမြင်(သို့) မူဝါဒများသော်လည်းကောင်း အမေရိကန်အစိုးရက ထောက်ခံထားသောအဖွဲ့အစည်းများ၊ (သို့) ကုန်သွယ်မှုထုတ်ကုန်များ၊ လုပ်ငန်းအမည်ဖော်ပြခြင်းများကိုလည်း သေချာပေါက်ထင်ဟပ်မပြပါ။ ဖော်ပြပါထင်မြင်ချက်များသည် အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်း၏အမြင်ကိုလည်းသေချာပေါက်ထင်ဟပ်မှုမပြပါ။